JUSTICE FOR MYANMAR

# မြန်မာလေတပ်အမှုတွင် အရပ်ဘက်သုံးလေယာဉ်များကို စစ်ရေးအတွက် အသုံးပြုနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည့် အီးယူဥပဒေအကြံပေးချုပ်၏ သဘောထားမှတ်ချက်အပေါ် Justice For Myanmar ကြိုဆို

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဥရောပသမဂ္ဂတရားရုံး (CJEU) ၏ ဥပဒေအကြံပေးချုပ် Tamara Ćapeta သည် ဩစတြီးယား လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက မြန်မာလေတပ်ထံ လေယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့် နည်းပညာများ တင်ပို့ရောင်းချခဲ့မှုနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တစ်ရပ် ကို ထုတ်ပြန်ခဲ့သည်။

မြန်မာစစ်တပ်က နိုင်ငံတကာရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမရှိဘဲ ဆက်လက်ကျူးလွန်နိုင်မည့် နည်းလမ်းများရရှိနေခြင်းကို တားဆီးရန်အတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်အနေဖြင့် ဤသဘောထားမှတ်ချက်ပါ တွေ့ရှိချက်များကို Justice For Myanmar က ကြိုဆိုပါသည်။

လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏အမည်ကို တရားရုံးက ဖော်ပြထားခြင်းမရှိသော်လည်း ယင်းအမှုသည် Diamond Aircraft Industries နှင့် ဆက်စပ်နေသည်ဟု Justice For Myanmar က သုံးသပ်ယူဆသည်။ ယင်းသုံးသပ်ချက်သည် မြန်မာနိုင်ငံတွင် Diamond Aircraft Industries ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် စုံစမ်းဖော်ထုတ်မှုနှင့် ဩစတြီးယားနိုင်ငံ စီးပွားရေးဝန်ကြီးဌာနထံမှ လွတ်လပ်စွာသတင်းအချက်အလက် မေးမြန်းခွင့်အရ တောင်းခံရရှိခဲ့သည့် အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ အဆိုပါအချက်အလက်များအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် အစောပိုင်းအထိ ကာလအတွင်း မြန်မာနိုင်ငံအတွက် လေကြောင်းဆိုင်ရာ အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်း တင်ပို့ခွင့်လိုင်စင်တစ်ခုတည်းကိုသာ ၂၀၁၉ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ခွင့်ပြုပေးခဲ့ကြောင်း တွေ့ရသည်။

အဆိုပါသဘောထားမှတ်ချက်သည် Diamond Aircraft Industries ၏ DART-450 လေယာဉ်များနှင့် ဆက်စပ်စနစ်များ၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် နည်းပညာများ မြန်မာ့လေတပ်ထံ တင်ပို့ခဲ့မှုနှင့် သက်ဆိုင်သည်ဟု Justice For Myanmar က နားလည်ထားသည်။

DART-450 သည် အခြေခံလေယာဉ်မှူးသင်တန်းအတွက် ဒီဇိုင်းထုတ်ထားသည့် ထိုင်ခုံနှစ်ခုပါ အရပ်ဘက် လေယာဉ်တစ်မျိုး ဖြစ်ပြီး၊ ၎င်းကို မြန်မာစစ်တပ်က ဝေဟင်ကင်းထောက်လုပ်ငန်းများအတွက်ပါ အသုံးပြုရန် ရည်ရွယ်ထားကြောင်း အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သိရှိထားသည့် Justice For Myanmar ၏ သတင်းရင်းမြစ်များအရ သိရသည်။

Diamond Aircraft Industries သည် ၂၀၁၉ ခုနှစ်တွင် ဩစတြီးယားနိုင်ငံက ထုတ်ပေးခဲ့သည့် တင်ပို့ခွင့် လိုင်စင်အရ မြန်မာနိုင်ငံသို့ အဆိုပါလေယာဉ်များနှင့် ဆက်စပ်ပစ္စည်းများကို တင်ပို့ခဲ့သည်။ အဆိုပါ တင်ပို့မှုတွင် မိတ္ထီလာမြို့ရှိ ရှမ်းတဲလေတပ်စခန်း၌ DART-450 လေယာဉ်များ ထုတ်လုပ်တပ်ဆင်နိုင်ရေးအတွက် နည်းပညာ လွှဲပြောင်းပေးသည့် အစီအစဉ်တစ်ရပ်လည်း ပါဝင်ခဲ့သည်။

တရားရုံး၏ ထုတ်ပြန်ချက်အရ အဆိုပါလေယာဉ်များကို မြန်မာလေတပ်က အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရှိထားသော်လည်း မြန်မာနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ပြုရန် ၂၀၂၃ ခုနှစ်တွင် Diamond Aircraft Industries က တောင်းဆိုခဲ့ရာ ဩစတြီးယားအာဏာပိုင်များက ပိတ်ပင်ခဲ့သည်။ ယင်းပစ္စည်းများသည် အီးယူ၏ အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ အဓိပ္ပါယ်ဖွင့်ဆိုမှုတွင် အကြုံးဝင်သည့် ပစ္စည်းများအဖြစ် သတ်မှတ်၍ ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါလေယာဉ်များကို ကင်းထောက်ပျံသန်းမှုများအတွက်လည်းကောင်း၊ စစ်ဘက်လေယာဉ်မှူးများကို လေ့ကျင့်ပေးရန်လည်းကောင်း အသုံးပြုနိုင်သည်ဖြစ်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်၍ အသုံးပြုနိုင်သည့်အတွက် ဩစတြီးယားအာဏာပိုင်များက ယင်းဆန်းစစ်သတ်မှတ်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

Diamond Aircraft Industries သည် တင်ပို့ခွင့်ပါမစ်များငြင်းပယ်ခံရမှုကို ဩစတြီးယားဖက်ဒရယ်အုပ်ချုပ်ရေး တရားရုံးတွင်အယူခံစိန်ခေါ်ခဲ့သည်။ သို့ဖြစ်ရာ ယင်းတရားရုံးက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် အမှုကို ဥရောပ သမဂ္ဂတရားရုံး (CJEU) သို့ လွှဲပြောင်းပေးခဲ့သည်။

အဆိုပါအမှုကို အီးယူတရားရုံးသို့ လွှဲပြောင်းခဲ့ရခြင်းတွင် အရပ်ဘက်လေယာဉ်တစ်စင်းအနေဖြင့် အီးယူ၏ အရပ်ဘက်-စစ်ဘက်နှစ်မျိုးသုံး ပစ္စည်းဆိုင်ရာပြဋ္ဌာန်းချက်အောက်တွင် အကျုံးဝင်ခြင်း ရှိ၊ မရှိဆိုသည့် မေးခွန်းက အဓိကနေရာတွင် ပါဝင်ခဲ့သည်။ ယင်းပြဋ္ဌာန်းချက်အရ အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်းများဆိုသည်မှာ "အရပ်ဘက်နှင့် စစ်ဘက် ရည်ရွယ်ချက်နှစ်ရပ်လုံးအတွက် အသုံးပြုနိုင်သည့် ပစ္စည်းများ" အဖြစ် ဖွင့်ဆိုထားသည်။

အီးယူတရားရုံး၏ ဥပဒေအကြံပေးချုပ် Ćapeta က သူမ၏ သဘောထားမှတ်ချက်တွင် အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်းဆိုင်ရာ အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုမှုတစ်ရပ်ကို အဆိုပြုခဲ့ပြီး၊ ပစ္စည်း တစ်ခု၏ နှစ်မျိုးသုံးနိုင်မှု ရှိ၊ မရှိကို တင်ပို့သည့်အချိန်တွင် ထိုပစ္စည်း၏ ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များကို အခြေခံ၍ ဆန်းစစ်သတ်မှတ်သင့်ကြောင်း အကြံပြုထားသည်။

အဆိုပါသဘောထားမှတ်ချက်က အီးယူပြဋ္ဌာန်းချက် ၂၀၂၁/၈၂၁ အရ မည်သည့်ပစ္စည်းကို နှစ်မျိုးသုံးပစ္စည်းအဖြစ် သတ်မှတ်ရမည်ဆိုသည့် အကဲဖြတ်မှုနှင့် နောက်ဆက်တွဲ ပို့ကုန်ဆိုင်ရာ အကဲဖြတ်ခြင်းတို့ကို ခွဲခြားဖော်ပြထားသည်။

အဆိုပါသဘောထားမှတ်ချက်အရ နောက်ဆုံးလက်ဝယ်အသုံးပြုမည့်သူ၏ စစ်ဘက်ဆိုင်ရာ စွမ်းဆောင်ရည်များ၊ ပစ္စည်းတင်ပို့မည့် နိုင်ငံ၏အခြေအနေ၊ ပစ္စည်းကို အခြားရည်ရွယ်ချက်အတွက် ပြန်လည်အသုံးချနိုင်ခြေနှင့် ပစ္စည်းလမ်းကြောင်းလွဲ အသုံးပြုခံရနိုင်သည့် အန္တရာယ်တို့သည် အဆိုပါပစ္စည်းကိုယ်တိုင်အား စစ်ဘက်ဆိုင်ရာ အသုံးပြုနိုင်စွမ်း အလားအလာ ရှိ၊ မရှိကို အဆုံးအဖြတ်ပေးခြင်း မဟုတ်ပေ။

ယင်းအစား အဆိုပါအချက်များသည် တင်ပို့မှုအတွက် ခွင့်ပြုချက်လိုအပ်ခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ရာတွင် သက်ဆိုင်မှုရှိနိုင်သည်။

Diamond Aircraft Industries အတွက်မူ အဆိုပါ အဆိုပြုအမိဟွာယ်ဖွင့်ဆိုချက်သည် ၎င်းတို့၏ DART-450 လေယာဉ်သည် အရပ်ဘက်သုံး သဘောသဘာဝရှိရုံဖြင့် အီးယူ၏ နှစ်မျိုးသုံးပစ္စည်းဆိုင်ရာ ပြဋ္ဌာန်းချက်အတွင်းမှ အလိုအလျောက် ဖယ်ထုတ်နိုင်မည်မဟုတ်ကြောင်း အဓိပ္ပါယ်သက်ရောက်သည်။

DART-450 လေယာဉ်အား စစ်ဘက်လေယာဉ်မှူးများ လေ့ကျင့်ပေးရန် အသုံးပြုနိုင်ခြေရှိခြင်းကပင်လျှင် ၎င်းလေယာဉ်တွင် စစ်ဘက်ဆိုင်ရာ အသုံးပြုနိုင်စွမ်းရှိသည်ဟု သတ်မှတ်ရန် လုံလောက်နိုင်ကြောင်း အီးယူ တရားရုံး၏ ဥပဒေ အကြံပေးအရာရှိချုပ် Ćapeta က သုံးသပ်တွေ့ရှိထားသည်။

ယင်းသဘောထားမှတ်ချက်က Diamond Aircraft Industries အနေဖြင့် DART-450 လေယာဉ်များကို မြန်မာနိုင်ငံသို့ တင်ပို့နိုင်ခြင်း ရှိ၊ မရှိအပေါ် အဆုံးအဖြတ်ပေးခြင်း မဟုတ်ဘဲ၊ သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များအနေဖြင့် မည်သည့်အတွက်ကြောင့် အဆိုပါပစ္စည်းများသည် နှစ်မျိုးသုံးပစ္စည်းများဖြစ်ကြောင်းနှင့် ယင်းတို့ကိုတားမြစ်ချက် ချမှတ်ရခြင်းသည် လုံခြုံရေး သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ချက်များနှင့် မည်ကဲ့သို့ ဆက်နွှယ်နေကြောင်းကို သက်ဆိုင်ရာနောက်ခံအခြေအနေများနှင့်တကွ ဆက်စပ်ရှင်းလင်း ပြသရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းသဘောထားမှတ်ချက်သည် အီးယူတရားရုံးအပေါ် ဥပဒေအရ စည်းနှောင်မှု မရှိဘဲ၊ အပြီးသတ်စီရင်ချက်ကို နောက်ပိုင်းတွင် ချမှတ်သွားမည်ဖြစ်သည်။

ထို့နောက် ဩစတြီးယားဖက်ဒရယ် အုပ်ချုပ်ရေးတရားရုံးသည် အီးယူတရားရုံး၏ အီးယူဥပဒေအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခြေခံ၍ လက်ရှိအငြင်းပွားမှုတွင် အသုံးချဆောင်ရွက်သွားမည်ဖြစ်သည်။

Justice For Myanmar သည် အဆိုပါတင်ပို့မှုများကို အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး၊ Diamond Aircraft Industries နှင့် မြန်မာစစ်တပ်တို့၏ သဘောတူညီချက်နှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

Justice For Myanmar ၏ စုံစမ်းဖော်ထုတ်မှုအရ ၂၀၁၉ ခုနှစ်၌ Diamond Aircraft Industries သည် ဩစတြီးယားနိုင်ငံ၊ Wiener Neustadt မြို့ရှိ ၎င်း၏ လုပ်ငန်းဌာနများတွင် မြန်မာလေတပ်တပ်ဖွဲ့ဝင်များကို

လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် မြန်မာနိုင်ငံရှိ ရှမ်းတဲလေတပ်စခန်းတွင်လည်း ဆက်လက် လေ့ကျင့်သင် ကြားမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ခဲ့သည်။

Justice For Myanmar က တွေ့ရှိခဲ့သည့် ဓာတ်ပုံအထောက်အထားများအရ Diamond Aircraft Industries ၏ Austro Engine ကုမ္ပဏီကလည်း မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ တွင် လက်ခံတွေ့ဆုံ ခဲ့ကြောင်း သိရသည်။

ဩစတြီးယားနိုင်ငံတွင် ရုံးချုပ်တည်ရှိသည့် Diamond Aircraft Industries ကို တရုတ်ကုမ္ပဏီ Wanfeng Aviation Industry က ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝယ်ယူခဲ့သည်။

Diamond Aircraft Industries နှင့် စစ်အုပ်စုတို့အကြား သဘောတူညီချက်ကို မြန်မာကုမ္ပဏီ Miya Win International က ကြားပွဲစားအဖြစ်ဆောင်ရွက်ပေးခဲ့ပြီး၊ အဆိုပါကုမ္ပဏီသည် ယူကေနှင့် ကနေဒါတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခံထားရသလို၊ အမေရိကန်ပို့ကုန်ဆိုင်ရာ ကန့်သတ်ပိတ်ပင်မှုများလည်း ချမှတ် ခံထားရသည်။ သို့ရာတွင် အီးယူ၏ ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခံထားရခြင်း မရှိသေးပေ။

အီးယူအနေဖြင့် ယင်းကုမ္ပဏီအား အဖွဲ့ဝင်နိုင်ငံများရှိ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ဆောင်မှုများမှ တားဆီး ပိတ်ပင်ရန်အတွက် Miya Win International ကုမ္ပဏီ၊ ယင်း၏ပိုင်ရှင်များ၊ ဒါရိုက်တာများနှင့် ဆက်စပ် ကုမ္ပဏီများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်အရေးယူရန် Justice For Myanmar က ဆက်လက် တောင်းဆိုသည်

။အရပ်သားများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများအပေါ် စစ်တပ်က လက်ရှိလုပ်ဆောင်နေသော အဆင်ခြင်မဲ့လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကို အထောက်အကူပြုစေမည့် စီးပွားရေးလုပ်ငန်းများကို မြန်မာစစ်တပ်နှင့် ပြန်လည်စတင်ရန် Diamond Aircraft Industries က ကြိုးပမ်းနေခြင်းသည် စက်ဆုပ်ဖွယ်ရာ ဖြစ်သည်။

Diamond Aircraft Industries အနေဖြင့် Miya Win International၊ မြန်မာစစ်တပ်နှင့် ၎င်းတို့၏ ဆက်စပ် ပတ်သက်နေသူများနှင့် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို ချက်ချင်းရပ်တန့်ရန်နှင့် မြန်မာနိုင်ငံသို့ ထပ်မံပေးပို့

ရန် သဘောတူထားသည့် စစ်ဘက်ဆိုင်ရာပစ္စည်းများ သို့မဟုတ် ဆက်စပ်ပစ္စည်းများနှင့် လေ့ကျင့်သင်ကြားမှုများကို ရပ်တန့်ရန် Justice For Myanmar က တောင်းဆိုသည်။

ထိုသို့ ဆောင်ရွက်ခြင်းမရှိပါက Diamond Aircraft Industries အနေဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများတွင် အားပေးကူညီခြင်းအတွက် ဥပဒေကြောင်းအရ တာဝန်ခံရမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်။

အစိုးရအားလုံးအနေဖြင့် မြန်မာစစ်အုပ်စုထံ စစ်လက်နက်များ၊ အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်းများနှင့် လေယာဉ်ဆီများ ထောက်ပံ့ပေးနေမှုကို တားဆီးပိတ်ပင်ရန်နှင့် ပြည်သူများအပေါ် အကြမ်းဖက်စစ်ဆင်ရေး ဆက်လက်ဆင်နွှဲနိုင်သည့် ၎င်းတို့၏ စွမ်းရည်ကို တားဆီးရန် Justice For Myanmar က တောင်းဆိုသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "အီးယူရဲ့ အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံး ပစ္စည်းဆိုင်ရာပြဋ္ဌာန်းချက်အရ 'နှစ်မျိုးသုံးပစ္စည်းများ' ကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုသင့်ကြောင်း၊ ဖော်ပြထားတဲ့ အီးယူတရားရုံးဥပဒေအကြံပေးချုပ် Ćapeta ရဲ့ သဘောထားမှတ်ချက်ကို ကျွန်မတို့ကြိုဆိုပါတယ်။

ဒီသဘောထားမှတ်ချက်က စစ်ဘက်လေယာဉ်မှူးတွေကို လေ့ကျင့်သင်ကြားပေးရာမှာ အသုံးပြုတဲ့ လေယာဉ်တွေဟာ စစ်ရေးအရ အသုံးပြုနိုင်စွမ်းရှိတယ်ဆိုတဲ့ အများသိ အခြေခံအသိတရားကို အတည်ပြုပေးလိုက်တာပဲ ဖြစ်ပါတယ်။ မြန်မာစစ်တပ်ရဲ့ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ပြီးနောက်ပိုင်း မြန်မာစစ်တပ်ဆီကို ဒီလေယာဉ်တွေ တင်ပို့ခဲ့တာကို ဘယ်လိုမှ ခွင့်မပြုသင့်ခဲ့ပါဘူး။

ဒါဟာ အီးယူဥပဒေအောက်မှာ နှစ်မျိုးသုံးပစ္စည်းတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အီးယူတရားရုံးက ပထမဆုံးအကြိမ် ကိုင်တွယ်ဖြေရှင်းရတာ ဖြစ်ပါတယ်။ တရားရုံးအနေနဲ့ ဒီသဘောထားမှတ်ချက်ကို လက်ခံကျင့်သုံးခြင်းဖြင့် အီးယူတစ်ဝန်းရှိ နောက်ထပ် ပို့ကုန်လိုင်စင်တွေအတွက် အရေးပါပြီး ဥပဒေအရ စည်းနှောင်မှုရှိတဲ့ စီရင်ထုံးတစ်ခုကို ချမှတ်ပေးနိုင်ပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

ဥရောပသမဂ္ဂတရားရုံး (CJEU) ၏အမှု အား ယခုနေရာ တွင် ဖတ်ရှုပါ။

Diamond Aircraft Industries နှင့် မြန်မာစစ်တပ်တို့အကြား စီးပွားရေးလုပ်ဆောင်မှုများအကြောင်း ၂၀၂၃ ခုနှစ်က ထုတ်ပြန်ခဲ့သည့် Justice For Myanmar ၏ အစီရင်ခံစာကို ယခုနေရာ တွင် ဖတ်ရှုပါ။

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org** |

**https://www.facebook.com/justiceformyanmar.org/**